

# နို့သီးခေါင်းတိုင်းတာနည်း လမ်းညွှန်




သင့်နို့ရည်စုပ်စက်၏ အပေါ်အုပ် သို့မဟုတ် စုပ်ခွက်အရွယ်အစား ကိုက်ညီမှုရှိခြင်း/ မရှိခြင်းသည် သင့်ရင်သား သက်သောင့်သက်သာဖြစ်မှုနှင့် နို့ရည်ထွက်ရှိမှုအပေါ် များစွာသက်ရောက်မှုရှိပါသည်။ နို့ညှစ်စဉ်အတွင်း နို့ပမာဏအများဆုံးထွက်ပြီး နို့ညှစ်စဉ်နှင့် နို့ညှစ်ပြီးနောက် သက်သောင့်သက်သာဖြစ်လိုပါက မှန်ကန်စွာတိုင်းတာထားသော သင့်နို့သီးခေါင်းအရွယ်အစားကို ရရှိရန် အလွန်အရေးကြီးပါသည်။ မည်ကဲ့သို့တိုင်းတာရမည်ကို မသိပါက ကျွန်ုပ်တို့တွင် အထောက်အကူဖြစ်နိုင်မည့် ရွေးချယ်စရာနှစ်ခုရှိပါသည်။

# အပိုင်း 1- အံဝင်ခွင်ကျဖြစ်သည်





သင့်နို့သီးခေါင်းထိပ်မှ အခြေအထိ
အတိုင်းအတာကို mm ဖြင့် တိုင်းတာပါ။




### သေးလွန်းသည်

နို့သီးခေါင်းသည် စုပ်ခွက်နှင့်ပွတ်တိုက်နေသည်



### အံဝင်ခွင်ကျဖြစ်သည်

နို့သီးခေါင်းသည် စုပ်ခွက်၏လမ်းကြောင်းထဲ၌
ကောင်းမွန်စွာဝင်နေသည်



### ကြီးလွန်းသည်

နို့သီးခေါင်းနှင့်အတူ နို့သီးခေါင်းကွင်းပါ
စုပ်ခွက်အတွင်းဝင်နေသည်

# အပိုင်း 2- သင့်နို့သီးခေါင်းများကိုတိုင်းတာရန် နည်းလမ်း နှစ်ခု

## ပထမနည်းလမ်း-

**တိုင်းတာရန် နို့သီးခေါင်းတိုင်းပေတံ သို့မဟုတ် ပုံမှန်ပေတံကို အသုံးပြုပါ-**

အဆင့် 1.


နို့သီးခေါင်းထောင်လာစေရန် လှုံ့ဆော်ပါ။

အဆင့် 2.

ပေတံကို ဒေါင်လိုက်ကိုင်ပြီး သင့်နို့သီးခေါင်းအခြေမှ ထိပ်အထိ တိုင်းတာပါ။

အဆင့် 3.

နောက်ဆုံးစာမျက်နှာရှိ စုပ်ခွက် သို့မဟုတ် စုပ်ခွက်ခေါင်းအရွယ်အစား အကြံပြုချက်များကို ကြည့်ပါ။



## ဒုတိယနည်းလမ်း-

**တိုင်းတာရန် အပေါက်များပါသည့် နို့သီးခေါင်းတိုင်းပေတံကို အသုံးပြုပါ-**

အဆင့် 1.


နို့သီးခေါင်းထောင်လာစေရန် လှုံ့ဆော်ပါ။

အဆင့် 2.

အပေါက်တွင်း နို့သီးခေါင်း သက်သောင့်သက်သာဝင်ပြီး နို့သီးခေါင်းကွင်းပေတံနှင့်ထိနေစေမည့် အပေါက်ကိုတွေ့သည်အထိ အပေါက်တစ်ပေါက်ပြီးတစ်ပေါက် ထည့်ကြည့်ပါ။

အဆင့် 3.

နောက်ဆုံးစာမျက်နှာရှိ စုပ်ခွက် သို့မဟုတ် စုပ်ခွက်ခေါင်းအရွယ်အစား အကြံပြုချက်များကို ကြည့်ပါ။



## အကြံပြုချက်များ

1. ဘယ်ဘက်နှင့် ညာဘက်နို့သီးခေါင်းအရွယ်အစားများ ကွဲပြားမှုရှိနိုင်သဖြင့် နှစ်ဖက်စလုံးကို အတိအကျ တိုင်းတာပါ။

2. စတင်စုပ်ယူချိန်တွင် နို့သီးခေါင်းအရွယ်အစားပြောင်းလာနိုင်သည်။ ထို့ကြောင့် သင့်နို့သီးခေါင်းအရွယ်အစားထက် 1-3 မီလီမီတာ ပိုကြီးသော စုပ်ခွက်အရွယ်အစားကိုရွေးချယ်ရန် သို့မဟုတ် နို့ရည်စုပ်ယူပြီးချိန်၌ ရှိသောအရွယ်အစားကို တိုင်းတာရန် အကြံပြုထားသည်။

အခြားအကူအညီလိုအပ်ပါသလား။

1. အခမဲ့အကူအညီနှင့် လမ်းညွှန်မှုများအတွက် 317-536-1670 သို့မဟုတ် အခမဲ့ခေါ်ဆိုမှုဖုန်းနံပါတ် 877-829-7470 သို့ ခေါ်ဆိုခြင်းဖြင့် The Milk Bank သို့ လွတ်လပ်စွာ ဆက်သွယ်နိုင်ပါသည်။

2. ကျွန်ုပ်တို့၏ နို့ရည်စုပ်စက်ပါတနာဖြစ်သော Ardo Medical သည်လည်း သင့်အတွက် ကောင်းမွန်သော အထောက်အပံ့တစ်ခု ဖြစ်ပါသည်။ www.ardo-usa.com သို့ဝင်ရောက်ကြည့်ရှုခြင်း သို့မဟုတ် 844-411-ARDO (2736) သို့အခမဲ့ခေါ်ဆိုခြင်းတို့ဖြင့်၎င်းတို့ထံ ဆက်သွယ်နိုင်ပါသည်။

| နို့သီးခေါင်းအချင်း အတိုင်းအတာ | အကြံပြုထားသည့် စုပ်ခွက် သို့မဟုတ် စုပ်ခွက်ခေါင်းအရွယ်အစား |
|---|---|
| 9-11mm | 13mm |
| 11-13mm | 15mm |
| 13-15mm | 17mm |
| 15-17mm | 19mm |
| 17-19mm | 21mm |
| 21-23mm | 24mm |
| 23-25mm | 26mm<br>*စုပ်ခွက်ခေါင်းမပါသည့် Ardo စုပ်ခွက်အရွယ်အစား |

အရွယ်အစားအတိအကျရရှိစေရန်အတွက် တိုင်းတာမှုမပြုမီတွင် သင့်နို့သီးခေါင်းထောင်မတ်နေစေရန် လှုံ့ဆော်ပေးပါ။